| ဆွေးနွေးခြင်း လုပ်ငန်း ပုံစံနမူနာ (၁) | ဆွေးနွေးခြင်း လုပ်ငန်း ပုံစံနမူနာ (၂) |
|---|---|
| တစ်ဦးချင်းစဉ်းစားခြင်း<br>↓<br>နှစ်ဦးစီတွဲ၍ ဆွေးနွေးခြင်း<br>↓<br>တင်ပြခြင်း<br>↓<br>တစ်တန်းလုံးအပြန်အလှန်<br>ဆွေးနွေးအတည်ပြုခြင်း<br>↓<br>လိုအပ်ပါက ထပ်မံဆွေးနွေးခြင်း | တစ်ဦးချင်းစဉ်းစားခြင်း<br>↓<br>အုပ်စုလိုက်ဆွေးနွေးခြင်း<br>↓<br>အုပ်စုကိုယ်စားလှယ်က တင်ပြခြင်း<br>↓<br>တစ်တန်းလုံးအပြန်အလှန်<br>ဆွေးနွေးအတည်ပြုခြင်း |

**အထက်ပါသင်ယူမှုလုပ်ငန်းများကို လုပ်ဆောင်ရာတွင် သတိပြုသင့်သည့်အချက်များကို အောက်တွင်ဖော်ပြထားပါသည်။**

- ကျောင်းသားတစ်ဦးချင်း အတန်းရှေ့သို့ထွက်၍ ဆွေးနွေးရာတွင် တစ်တန်းလုံးကြားနိုင်အောင် အသံကျယ်ကျယ်ဖြင့် ပြောဆိုပါစေ။
- ကျောင်းသားတစ်ဦးဆွေးနွေးချိန်တွင် အခြားကျောင်းသားများအား သေချာစွာ နားထောင်ပါစေ။ လိုအပ်ပါက တစ်ဦး ဆွေးနွေးချက်ကို အခြားကျောင်းသားများအား ပြန်လည်ပြောပါစေ။
- သင်ယူမှုလုပ်ငန်းများဆောင်ရွက်ရာတွင် လိုက်နာစေလိုသောအခြေခံစည်းမျဉ်းများကို ကျောင်းသားများနှင့် ညှိနှိုင်းတိုင်ပင် သတ်မှတ်ထားပြီး လိုက်နာပါစေ။ ဥပမာ-ဆရာကလက်ခုပ်နှစ်ချက်တီးပြီး ပါးစပ်ကိုလက်ညှိုးဖြင့်ထိကပ်၍လုပ်ဆောင်ပြပါက ဆူညံနေခြင်းကိုရပ်၍ ဆရာ၏ညွှန်ကြားချက်ကိုအာရုံစိုက်စေခြင်း။
- ဆွေးနွေးခြင်းလုပ်ငန်းများပေးရာတွင် ကြာမြင့်နိုင်ချိန်ကို ဆရာအနေဖြင့် ခန့်မှန်းနိုင်သော်လည်း တာဝန်ယူလိုစိတ်ကို လေ့ကျင့်ပေးသည့်အနေဖြင့် ကလေးများကိုယ်တိုင်ခန့်မှန်းစေခြင်းကို ဒုတိယတန်းမှ စတင်လေ့ကျင့်ပေးထားပါသည်။ ထို့ကြောင့် လုပ်ငန်းများ ပေးသည့်အခါ အချိန်မည်မျှကြာမည်ကို ကလေးများအား ခန့်မှန်းစေခြင်းအလေ့အကျင့်ကို ဆက်လက်လေ့ကျင့်ပေးပါ။
- လိုအပ်သည့်နေရာများတွင် ကျောင်းသားများ၏အဖြေကို သင်ပုန်းပေါ်တွင် လိုရင်းတိုရှင်းမှတ်တမ်းတင်ပေးပါ။
- ဖြေကြားမှုများသည် လိုရင်းမရောက်ပါက ရောက်အောင်ပြောနိုင်သည်အထိ ဆင့်ကဲမေးခွန်းများ မေးပါ။
- တတ်နိုင်သမျှ ကျောင်းသားများ၏အဖြေကိုသုံးသပ်၍ သင်ခန်းစာကိုအနှစ်ချုပ်ပေးပါ။
- သင်ယူမှုလုပ်ငန်းများဆောင်ရွက်စေရာတွင် ဆရာသည် သာမန်ကလေးများနှင့်မတူသော လိုအပ်ချက်ရှိသည့်ကလေးများကို အခြား ကလေးများနည်းတူ တန်းတူအခွင့်အရေးပေးရန် လိုအပ်သကဲ့သို့ ကျောင်းသားများကိုယ်တိုင် နားလည်လက်ခံလာအောင်လည်း လေ့ကျင့်ပေးပါ။

## ၄။ စစ်ဆေးအကဲဖြတ်ခြင်း

ဘဝတွက်တာကျွမ်းကျင်စရာဘာသာရပ်တွင် ကလေးများ၏ တတ်မြောက်မှုစစ်ဆေးခြင်းအား သီးခြားစစ်ဆေးခြင်းမျိုး မပြုလုပ်ဘဲ သင်ကြားသင်ယူမှုလုပ်ငန်းတစ်ခုဆောင်ရွက်နေစဉ်အတွင်း ကျောင်းသားများ၏စိတ်ဝင်စားမှု၊ ဆွေးနွေးမှု၊ ပါဝင်ဆောင်ရွက်မှုများပေါ်တွင် ကြည့်ရှုအကဲဖြတ်ရန်သာဖြစ်ပါသည်။

သင်ယူနေစဉ်လေ့လာအကဲဖြတ်ခြင်းအပြင် သင်ယူမှုလုပ်ငန်းများနှင့်ပတ်သက်ပြီး ကလေးများကိုယ်တိုင် ရေးသားသော ဆုံးဖြတ်ချက်များ၊ ရေးဆွဲထားသောရုပ်ပုံများ၊ စုဆောင်းထားသော ဓာတ်ပုံများအပါအဝင် ကလေး၏လက်ရာများကို စုစည်းထားသောဖိုင်သို့မဟုတ် စာအုပ်များကို လေ့လာခြင်းဖြင့်လည်း ကလေး၏စိတ်ဝင်စားမှု၊ နားလည်သဘောပေါက်မှု၊ စဉ်းစားတွေးခေါ်နိုင်မှု၊ အများနှင့်ပူးပေါင်းလုပ်ဆောင်နိုင်မှုတို့ကို အကဲဖြတ်နိုင်ပါသည်။ ထိုသို့ ကလေးများ၏လက်ရာများကို သီးသန့်စုစည်းထားစေခြင်းသည် ကလေးများကိုယ်တိုင် မိမိတို့၏ပြောင်းလဲတိုးတက်မှုကို ခံစားသိရှိနိုင်ပြီး ဆက်လက်သင်ယူလိုစိတ်ကို ဖြစ်ပေါ်စေနိုင်ပါသည်။

ဘဝတွက်တာကျွမ်းကျင်စရာ သင်ခန်းစာများကို လေ့ကျင့်သင်ကြားပြီးပါက ဆရာများအနေဖြင့် ကျောင်းသားများ၏အပြုအမူနှင့်လုပ်ဆောင်ချက်များကို ကြည့်ရှုလေ့လာပြီး စစ်ဆေးအကဲဖြတ်ရန် အထူးတိုက်တွန်းလိုပါသည်။

စစ်ဆေးအကဲဖြတ်ခြင်းသည် ကျောင်းသားများ၏ သင်ယူတတ်မြောက်မှုကို တိုင်းတာပေးနိုင်သကဲ့သို့ ဆရာများ၏သင်ကြားခြင်းအောင်မြင်ပေါက်မြောက်မှုကိုလည်း တိုင်းတာပေးနိုင်ပါသည်။ သို့ဖြစ်၍ ဆရာများသည် မိမိကိုယ်ကိုလည်း စစ်ဆေးအကဲဖြတ်ရပါမည်။ ဆရာများ မိမိကိုယ်မိမိ စစ်ဆေးအကဲဖြတ်မှုပြုလုပ်ရာတွင် သင်ကြားသင်ယူမှုဖြစ်စဉ်အတွင်း ကလေးများနားလည်သည့် ရှင်းလင်းသောညွှန်ကြားချက်ပေးနိုင်မှု၊ ကလေးများ၏ စဉ်းစားတွေးခေါ်မှုကို မြှင့်တင်ပေးနိုင်မှု၊ ရည်ရွယ်ချက် ပေါက်မြောက်အောင် သင်ကြားနိုင်မှု ရှိ မရှိ စသည်တို့ကို ထည့်သွင်းအကဲဖြတ်ရန် လိုပါသည်။

နိဂုံးချုပ်အနေဖြင့် ဘဝတွက်တာကျွမ်းကျင်စရာဘာသာရပ်သင်ခန်းစာများသည် အခြားသောဘာသာရပ်များနှင့်လည်းဆက်စပ်နေပါသည်။ စာရိတ္တနှင့်ပြည်သူ့နီတိ၊ လူမှုရေး၊ သိပ္ပံဘာသာရပ်များမှ အသိပညာများကိုလည်း ဘဝတွက်တာကျွမ်းကျင်စရာဘာသာရပ်သင်ကြားရာတွင် ဆက်စပ်ပေးနိုင်သကဲ့သို့ ထိုဘာသာရပ်များအား ပိုမိုစိတ်ဝင်စားစွာသင်ယူနိုင်စေရန် ဘဝတွက်တာကျွမ်းကျင်စရာဘာသာရပ်မှ အသိပညာနှင့် ကျွမ်းကျင်မှုများကို ဆက်စပ်သင်ကြားပေးရန် တိုက်တွန်းပါသည်။